# ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ

## (၂၀၂၀ ပြည့်နှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၂။)

## ၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

## (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

( ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

( ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ အစိုးရအဖွဲ့မှ တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာ ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ အစိုးရအဖွဲ့မှ တာဝန်ပေးအပ်ထားသော ဝန်ကြီးကို ဆိုသည်။

( င) **အခြေခံပညာကျောင်းများ** ဆိုသည်မှာ အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများနှင့်အညီ ပညာသင်ကြားပေးသောကျောင်းများကို ဆိုသည်။

( စ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၄ အရ ဖွဲ့စည်းထားသည့် ပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်လုပ်ငန်းကော်မတီကို ဆိုသည်။

(ဆ) **ခရိုင်ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ပုဒ်မ ၈ အရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဆိုင်ရာ ခရိုင်ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

( ဇ) **မြို့နယ်ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ပုဒ်မ ၁၀ အရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

( ဈ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ပုဒ်မ ၁၂ အရ ဖွဲ့စည်းတာဝန်ပေးအပ်သည့် စစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(ည) **အစားအသောက်** ဆိုသည်မှာ အမျိုးသားအစားအသောက်ဥပဒေတွင် ပြဋ္ဌာန်းထားသော အစားအသောက်အပါအဝင်

ရှမ်းပြည်နယ်ရှိ အခြေခံပညာကျောင်းများ၌ စားသုံးရန် အလို့ငှာ ဖြန့်ဖြူးရောင်းချသော အစားအသောက်များကို ဆိုသည်။

(ဌ) **ထိန်းချုပ်အစားအသောက်** ဆိုသည်မှာ သက်ဆိုင်ရာစစ်ဆေး ရေးအဖွဲ့မှ တားမြစ်ထားသော အစားအသောက်များ၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်က အခါ အားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ထိန်းချုပ်အစား အသောက်ဟု သတ်မှတ်ထားသော အစားအသောက်များကို ဆိုသည်။

(ဍ) **အစားအသောက်ထပ်ဖြည့်ပစ္စည်း** ဆိုသည်မှာ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သော အစားအသောက် ထုတ်လုပ်ပြုပြင်ရာတွင် အသုံးပြုသည့် ပစ္စည်းကိုသော်လည်းကောင်း၊ အစား အသောက်တွင် အရောင်၊ အဆင်း၊ အနံ့၊ အရသာအတွက် ဖြည့်စွက်အသုံးပြုသည့် ပစ္စည်းကိုသော်လည်းကောင်း ဆို သည်။

(ဎ) **စံမညီအစားအသောက်** ဆိုသည်မှာ သက်ဆိုင်ရာ အစား အသောက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သည့် အသေးစိတ် သတ်မှတ်ချက်များနှင့် မကိုက်ညီသော၊ အနိမ့်ဆုံးစံအောက်

လျော့နေသော သို့မဟုတ် အမြင့်ဆုံးစံထက် ပိုနေသော အစားအသောက်ကို ဆိုသည်။

( ဃ) **ခွင့်ပြုလက်မှတ်** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့မှ အခြေခံပညာကျောင်းများတွင် ဘေးကင်းစိတ်ချရသော အစားအသောက်ရောင်းချခွင့်ပြုသော လက်မှတ်ကို ဆိုသည်။

(ဏ) **ကျန်းမာရေးနှင့် ညီညွတ်သန့်ရှင်းမှုမရှိသော အခြေအနေ** ဆိုသည်မှာ အစားအသောက်တွင် ဓာတု၊ ဇီဝနှင့် ရုပ်ပစ္စည်း အညစ်အကြေးများ ရောနှောခြင်းကြောင့် စားသုံးသူ၏ ကျန်းမာရေးကို ထိခိုက်နိုင်သော သို့မဟုတ် ဘေးဥပဒ် အန္တရာယ် ဖြစ်နိုင်သော အခြေအနေကို ဆိုသည်။

(တ) **ထုတ်လုပ်ခြင်း** ဆိုသည်မှာ ရောင်းချရန်အလို့ငှာ အစားအသောက် ထုတ်လုပ်ရာတွင် ဆောင်ရွက်ရသော လုပ်ငန်းဆောင်တာများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆင့်ဆင့် လုပ်ဆောင်ရသည့် လုပ်ငန်းများအနက် လုပ်ငန်းအဆင့် တစ်ခုခု သို့မဟုတ် လုပ်ငန်းအဆင့်အားလုံး ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(ထ) **အရည်အသွေးအာမခံခြင်း** ဆိုသည်မှာ စားသုံးသူအတွက် အရည်အသွေးစစ်မှန် ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်

ကင်း၍ သန့်ရှင်းမှုရှိသော အစားအသောက် ဖြစ်သည်ဟု အာမခံခြင်းကို ဆိုသည်။

( ဒ) **အမှတ်တံဆိပ်ကပ်ခြင်း** ဆိုသည်မှာ အစားအသောက်ထည့်သော ဘူး၊ ပုလင်း၊ ကတ်ပြား၊ ဘူးခွံ သို့မဟုတ် အစားအသောက် ထုပ်ပိုးသော ပစ္စည်းတစ်ခုခုအပေါ်တွင် အမှတ်တံဆိပ် ပြုလုပ်ထားခြင်းကို ဆိုသည်။

( ဓ) **ကြော်ငြာခြင်း** ဆိုသည်မှာ အစားအသောက်ကို တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လူအများသိရှိရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆောင်ရွက်ခြင်းကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အခြေခံပညာကျောင်းများတွင် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်၍ အာဟာရပြည့်ဝသော အစားအသောက်များ ရရှိနိုင်စေရန်၊

( ခ) အခြေခံပညာကျောင်းများတွင် ဘေးအန္တရာယ်ဖြစ်စေနိုင်သော အစားအသောက်များကို အချိန်မီ တားမြစ်ထိန်းချုပ်နိုင်ရန်။

## အခန်း (၃)

## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက် လုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်ပညာရေးမှူးရုံး | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စည်ပင်သာယာရေးဌာန | အဖွဲ့ဝင် |
| (င) | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (စ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဆ) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်

ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန

( ဇ) အစိုးရမဟုတ်သော အဖွဲ့အစည်းမှ အဖွဲ့ဝင်

အစားအသောက်သိပ္ပံနှင့် နည်းပညာရှင် တစ်ဦး

( ဈ) အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး

ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ည) ဒုတိယညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး

ပြည်နယ်အစားအသောက်နှင့်

ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကော်မတီကို ဝန်ကြီး၏တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)

## ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အစားအသောက်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ထုပ်ပိုးခြင်း၊ သိမ်းဆည်းခြင်း၊ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

( ခ) အစားအသောက်ကို စစ်ဆေးခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

( ဂ) စစ်ဆေးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စစ်ဆေးရေး အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ယင်းအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) ကော်မတီသည် ခရိုင်နှင့် မြို့နယ်ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းခြင်း၊ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း။

၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် ကော်မတီ၏ ညှိနှိုင်းသဘောတူညီမှုဖြင့် ကြီးကြပ်ရေးအဖွဲ့၊ စစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၅)

## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၈။ ကော်မတီသည်–

(က) သက်ဆိုင်ရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက အဖွဲ့ခေါင်းဆောင်အဖြစ် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော ခရိုင်ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

( ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ခရိုင်ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၉။ ခရိုင်ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကော်မတီက ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့များမှ အကောင်အထည်ဖော်မှု ရှိ၊ မရှိ ကြီးကြပ်ကွပ်ကဲခြင်း၊

( ခ) ကော်မတီက ချမှတ်ထားသော မူဝါဒနှင့်အညီ လိုအပ်ပါက ခရိုင်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပေးခြင်း၊

( ဂ) မြို့နယ်ကြီးကြပ်ရေးအဖွဲ့များမှ ဖြေရှင်းနိုင်ခြင်းမရှိသည့် ကိစ္စရပ်များအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) ခရိုင်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများကို ကော်မတီသို့ တင်ပြခြင်း၊

( င) ကော်မတီက အခါအားလျော်စွာပေးအပ်သော တာဝန်များနှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၁၀။ ကော်မတီသည်-

(က) သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက အဖွဲ့ခေါင်းဆောင်အဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းထားသော မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၁။ မြို့နယ်ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီက ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များ၊ ညွှန်ကြားချက်များအား ခရိုင်ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ကော်မတီက ချမှတ်ထားသော မူဝါဒနှင့်အညီ လိုအပ်ပါက မြို့နယ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(ဂ) မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု စစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ထုတ်ပယ်ခြင်း၊

(ဃ) မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် သတ်မှတ်ထားသော လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးပြီး ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

( င) အငြင်းပွားလျက်ရှိသော အစားအသောက်များကို ရောင်းချဖြန့်ဖြူးခြင်းအား ကာလအကန့်အသတ်ဖြင့် တားမြစ်ခြင်း၊

( စ) မြို့နယ်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများကို ခရိုင်ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် ကော်မတီသို့ တင်ပြခြင်း၊

(ဆ) ကျောင်းပရဝဏ်ရှိ ဈေးဆိုင်များနှင့် ကျောင်းသူ၊ ကျောင်းသားများကို ရည်ရွယ်၍ ဈေးရောင်းချသူများအား ဤဥပဒေပါ တားမြစ်ချက်များကို လိုက်နာစေရန် ကြီးကြပ်ခြင်း။

## အခန်း (၆)

## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ စစ်ဆေးရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းရမည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦး | အဖွဲ့ခေါင်းဆောင်

( ခ) ကျောင်းအကျိုးတော်ဆောင် တစ်ဦး | အဖွဲ့ဝင်

( ဂ) ဆရာ၊ ဆရာမကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင်

(ဃ) ကျောင်းသားမိဘကိုယ်စားလှယ် နှစ်ဦး အဖွဲ့ဝင်များ

( င) ကျန်းမာရေးဌာနမှကိုယ်စားလှယ် တစ်ဦး အဖွဲ့ဝင်

( စ) အရပ်ဘက်လူမှုအဖွဲ့အစည်း(CSOs) တစ်ဦး အဖွဲ့ဝင်

၁၃။ စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု စစ်ဆေးရေးအဖွဲ့များသည် မိမိ၏ စစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

( ခ) အစားအသောက် ရောင်းချခွင့်ပြုလက်မှတ် လျှောက်ထားရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု စစ်ဆေးရေးအဖွဲ့သည် ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချက်နှင့် ကိုက်ညီပါက ထောက်ခံချက်ထုတ်ပေးခြင်း၊ ရောင်းချခွင့်လက်မှတ်ရရှိရန် ကူညီဆောင်ရွက်ပေးရမည်။

( ဂ) စစ်ဆေးရေးအဖွဲ့သည် ခွင့်ပြုလက်မှတ် လျှောက်ထားခြင်း မရှိသော ဆိုင်များမှ အစားအသောက်ရောင်းချခြင်းကို ကြီးကြပ်တားဆီးရမည်။

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု စစ်ဆေးရေးအဖွဲ့သည် အနည်းဆုံး သုံးလ တစ်ကြိမ် စစ်ဆေးရမည်။ လိုအပ်ပါက ရှောင်တခင်ဝင်ရောက်စစ်ဆေးနိုင်သည်။

( င) စစ်ဆေးရေးအဖွဲ့များသည် စစ်ဆေးမှုများပြုလုပ်ရာတွင် ဘက်လိုက်ခြင်း ကင်းရှင်းရမည်။

( စ) စစ်ဆေးရေးအဖွဲ့သည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဆ) အခြေခံပညာကျောင်းများရှိ ကျောင်းဈေးတန်းနှင့် ဈေးဆိုင်ခန်းများကို ကျန်းမာရေးနှင့် ညီညွတ်သောနေရာတွင် ဖွင့်လှစ်ရောင်းချစေခြင်း၊ အမှိုက်နှင့် စွန့်ပစ်ရေဆိုးများကို စနစ်တကျ စွန့်ပစ်စေခြင်းနှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရေး ကြီးကြပ်ရမည်။

## အခန်း (၇)

## ခွင့်ပြုလက်မှတ် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ခွင့်ပြုကာလသတ်မှတ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း

၁၄။ ခွင့်ပြုလက်မှတ် လျှောက်ထားလိုသူသည် သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ပုံစံများဖြင့် လျှောက်ထားရမည်။

၁၅။ မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ ကာလသတ်မှတ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်–

(က) မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် ခွင့်ပြုလက်မှတ်လျှောက်ထား လာပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ) ခွင့်ပြုလက်မှတ် သက်တမ်းသည် ပညာသင်နှစ် တစ်နှစ်နှင့် အညီ သတ်မှတ်ရမည်။

( ဂ) မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် စစ်ဆေးရေးအဖွဲ့မှ ကျန်းမာ ရေးနှင့် ညီညွတ်သန့်ရှင်းမှုမရှိသော အခြေအနေဖြစ်ပေါ် နေကြောင်း တင်ပြလာမှုအပေါ်တွင်လည်းကောင်း၊ သတ်မှတ် ထားသော စည်းကမ်းချက်များအား လိုက်နာမှုမရှိကြောင်း တင်ပြလာမှုအပေါ်တွင် လည်းကောင်း၊ စစ်ဆေးတွေ့ရှိပါက သတိပေးခြင်း၊ ခွင့်ပြုလက်မှတ်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း (၈)

## အရည်အသွေးအာမခံခြင်း၊ အမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်း

၁၆။ အစားအသောက်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း ပြုလုပ်သူသည် အစားအသောက်အရည်အသွေး အာမခံခြင်း၊ အမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနများနှင့် ကော်မတီမှ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်။

## အခန်း (၉)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၇။ မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အရ သတ်မှတ်စည်းကမ်းချက် တစ်ရပ်ရပ်အား ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်နိုင်သည်-

(က) သတိပေးခြင်း။

( ခ) ဒဏ်ကြေးငွေကို ပြည်နယ်အစိုးရဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းစေပြီး ဆက်လက် လုပ်ကိုင်ခွင့်ပြုခြင်း။

( ဂ) ခွင့်ပြုလက်မှတ်အား ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း။

၁၈။ မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် စားသုံးရန်အလို့ငှာ ဖြန့်ဖြူးရောင်းချသော အစားအသောက်အား သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ဖြည့်စွက်ရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ဖြန့်ဖြူးရောင်းချသော အစားအသောက်များကို သိမ်းဆည်းနိုင်သည်။

၁၉။ ပုဒ်မ ၁၈ အရ သိမ်းဆည်းထားသော အစားအသောက်များကို မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

## အခန်း (၁၀)

## အယူခံခြင်း

၂၀။ မြို့နယ်ကြီးကြပ်ရေးအဖွဲ့၏ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ခရိုင်ကြီးကြပ်ရေးအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၂၁။ ခရိုင်ကြီးကြပ်ရေးအဖွဲ့၏ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း ကော်မတီထံ အယူခံဝင်နိုင်သည်။

၂၂။ ကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်။

## အခန်း (၁၁)

## တားမြစ်ချက်များ

၂၃။ မည်သူမျှ-

(က) သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုလက်မှတ်မရှိဘဲ အခြေခံပညာကျောင်းများတွင် ဈေးရောင်းချခြင်းမပြုရ။

( ခ) ခွင့်ပြုလက်မှတ်ကို အခြားသူအား လွှဲပြောင်းပေးခြင်း၊ ထပ်ဆင့်ရောင်းချခြင်း မပြုရ။

၂၄။ မည်သူမျှ -

(က) ဤဥပဒေအရ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

( ခ) စားသုံးသူကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အဆိပ်သင့်စေနိုင်သော ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက်များ ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း မပြုရ၊

( ဂ) အစားအသောက်ထုတ်လုပ်ရေး လုပ်ငန်းစဉ်တွင် အသုံးပြုရန် အတွက် တားမြစ်ပိတ်ပင်ထားသည့် ကုန်ပစ္စည်းပါဝင်သည့် အစားအသောက်များ ရောင်းချခြင်း မပြုရ၊

(ဃ) သတ်မှတ်ထားသော လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများ နှင့် ကိုက်ညီမှုမရှိသည့် အစားအသောက်များ ရောင်းချခြင်း မပြုရ၊

( င) ရက်လွန်နေသော အစားအသောက်များနှင့် အစားအသောက် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစားထိုး ထားသော သို့မဟုတ် ရောစပ်ထားသော အစားအသောက် များ ရောင်းချခြင်းမပြုရ၊

( စ) ထိန်းချုပ်အစားအသောက်နှင့် စံမညီအစားအသောက်တို့ဖြင့် ထုတ်လုပ်ထားသည့် အစားအသောက်များကို ရောင်းချခြင်း မပြုရ။

၂၅။ မည်သူမျှ–

(က) မူလထွက်ရှိသည့်နေရာ သို့မဟုတ် ထုတ်လုပ်သည့်နေရာနှင့် စပ်လျဉ်း၍ မမှန်မကန် ဖော်ပြသည့် အစားအသောက်များ ရောင်းချခြင်း မပြုရ။

( ခ) ဥပဒေနှင့်အညီ ရှာဖွေစစ်ဆေးရာတွင် မည်သူတစ်ဦး တစ်ယောက်မျှ တားမြစ်ခြင်း၊ နှောင့်ယှက်ခြင်း မပြုရ။

( ဂ) သက်တမ်းလွန်နေသော အစားအသောက်များကို ပြန်လည် ပြုပြင်၊ ထုပ်ပိုးရောင်းချခြင်း မပြုရ။

(ဃ) ဥပဒေနှင့် မလွတ်ကင်းသော အစားအသောက်များ၊ အရက်နှင့် မူးယစ်ဆေးဝါးများ လုံးဝ ရောင်းချခြင်း မပြုရ။

( င) ဆေးလိပ်၊ ကွမ်းယာ၊ သောက်သုံးရန်မသင့်ဟု သတ်မှတ်ထားသော စွမ်းအားဖြည့် အချိုရည်များ၊ ကဖင်းဓာတ်ပါဝင်သော အစားအသောက်များ ရောင်းချခြင်း မပြုရ။

( စ) အစားအသောက် ထုတ်လုပ်ရာတွင် သတ်မှတ်ထားသော အစားအသောက်ထပ်ဖြည့် ပစ္စည်းများထက် ကျော်လွန်သုံးစွဲပြီး ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ချိခြင်း မပြုရ။

## အခန်း (၁၂)

## ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းခံရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူရမည်။

## အခန်း(၁၃)

## အထွေထွေ

၂၉။ ဤဥပဒေပါ ကော်မတီနှင့် အဖွဲ့များတွင် တာဝန်ပေးခြင်းခံရသော နိုင်ငံ့ဝန်ထမ်းမဟုတ်သူ အဖွဲ့ဝင်တစ်ဦးဦးသည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေစဉ်အတွင်း ယင်းအဖွဲ့ဝင်တို့ကို ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် ဖော်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၃၀။ အစားအသောက် ရောင်းချသူသည် တစ်ကိုယ်ရေသန့်ရှင်းမှုရှိပြီး သတ်မှတ်ထားသော ကူးစက်ရောဂါကင်းရှင်း၍ ကိုယ်တိုင်ကျန်းမာရမည့်အပြင် ကျန်းမာရေးအထောက်အကူပြုစေရန် လုံခြုံပြီး သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ရမည်။

၃၁။ ကျောင်းတွင်းအာဟာရကျွေးခြင်း၊ အခါအားလျော်စွာကျင်းပသော စုံညီပွဲတော်များ၊ ကျောင်းတွင် စုပေါင်းကျွေးမွေးသည့် အခမ်းအနားများမှ အစားအသောက်များသည် ဤဥပဒေတွင် အကျုံးဝင်သည်။

၃၂။ အစားအသောက် ရောင်းချသူဘက်မှ ဆွေးနွေးတင်ပြလိုပါက သက်ဆိုင်ရာကော်မတီ၊ ကြီးကြပ်ရေးအဖွဲ့များနှင့် လွတ်လပ်စွာဆွေးနွေးခွင့် ရှိရမည်။

၃၃။ စားသုံးသူဘက်မှ အစားအသောက်နှင့်ပတ်သက်၍ တိုင်ကြားလိုပါက သက်ဆိုင်ရာသို့ လွတ်လပ်စွာ တိုင်ကြားခွင့်ရှိသည်။

၃၄။ သံသယဖြစ်သော အစားအသောက်များကို ကျသင့်တန်ဖိုးပေးဆောင်၍ နမူနာရယူကာ စစ်ဆေးရမည်။

၃၅။ ဤဥပဒေအရ အရေးယူသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အမျိုးသားအစားအသောက် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှ ကာလပတ်လုံး အတည်ဖြစ်သည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

( ခ) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာလင်းထွဋ်

ဝန်ကြီးချုပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | အခန်း (၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၅ |
| ၂။ | အခန်း (၂) ရည်ရွယ်ချက် | ၅ | ၅ |
| ၃။ | အခန်း (၃) ကော်မတီဖွဲ့စည်းခြင်း | ၆ | ၇ |
| ၄။ | အခန်း (၄) ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၇ | ၈ |
| ၅။ | အခန်း (၅) ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၈ | ၁၁ |
| ၆။ | အခန်း (၆) စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၁ | ၁၃ |
| ၇။ | အခန်း (၇) ခွင့်ပြုလက်မှတ် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ခွင့်ပြုကာလ သတ်မှတ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း | ၁၃ | ၁၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၈။ | အခန်း (၈) အရည်အသွေး အာမခံခြင်း၊ အမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်း | ၁၄ | ၁၄ |
| ၉။ | အခန်း (၉) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၁၅ | ၁၅ |
| ၁၀။ | အခန်း (၁၀) အယူခံခြင်း | ၁၆ | ၁၆ |
| ၁၁။ | အခန်း (၁၁) တားမြစ်ချက်များ | ၁၆ | ၁၈ |
| ၁၂။ | အခန်း (၁၂) ပြစ်ဒဏ်များ | ၁၉ | ၁၉ |
| ၁၃။ | အခန်း (၁၃) အထွေထွေ | ၁၉ | ၂၁ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရှမ်းပြည်နယ်လွှတ်တော်

# တောင်ကြီးမြို့

## ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ

## (၂၀၂၀ ပြည့်နှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။)

ရှမ်းပြည်နယ်လွှတ်တော်က ထုတ်ဝေသည်။

၂၀၂၀ ပြည့်နှစ်